# မြန်မာ့အထည်အလိပ်လုပ်ငန်းသမိုင်း

**(ကိုချင်း)**

## မြန်မာမင်းများလက်ထက် အထည်အလိပ်လုပ်ငန်း အခြေအနေ

မြန်မာနိုင်ငံတွင် အထည်အလိပ်လုပ်ငန်းများ မည်သည့်အချိန်ကာလမှ စတင်ပေါ်ပေါက်လာသည်ကို တိတိကျကျ မသိရသည့်အပြင် အေဒီ ၁ ရာစုမှ ပုဂံ အနော်ရထာခေတ် (အေဒီ ၁၀၄၄ - ၇၈) အထိ နှစ်ပေါင်းတစ်ထောင်မျှ ကာလအတွင်း မြန်မာတို့၏ အစဖြစ်သော တကောင်း ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ သုဝဏ္ဏဘူမိ၊ ဓညဝတီ အစရှိသော မြို့ပြနိုင်ငံများရှိ ရှေးမြန်မာတို့၏ လူနေမှုဘဝကို တိတိကျကျ ရေးသားထားသော ရာဇဝင်သမိုင်းများမှာ အလွန်ရှားပါးလှခြင်း၊ သမိုင်းအထောက်အထား တူးဖော်တွေ့ရှိမှုများမှာလည်း လုံလောက်စွာမရှိသေးခြင်းတို့ကြောင့် ရှေးမြန်မာ အဝတ်အထည်များ စတင်ပေါ်ပေါက်လာပုံ၊ ဝတ်စားဆင်ယင်ပုံ၊ ရက်လုပ်ပုံ စသည်တို့ကို သိရှိနိုင်ရန် တင်ပြရာတွင် မြန်မာ့သမိုင်းအထောက်အထားများအပြင် ခေတ်ပြိုင်အခြားနိုင်ငံတို့မှ မှတ်တမ်းများပါ ဖြည့်စွက်စုစည်း၍ ကြိုးပမ်းတင်ပြရန် ရည်ရွယ်ပါသည်။

နှစ်ပေါင်းများစွာသော ရှေးအစဉ်အဆက်ကပင်လျှင် မြန်မာတို့တွင် အဆင့်အတန်း မြင့်မားသော ရိုးရာဝတ်စားဆင်ယင်မှု ဓလေ့သည် ထွန်းကားတည်ရှိနေခဲ့ပြီးဖြစ်ကြောင်း မှတ်ယူရပါမည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော် တကောင်းခေတ်ကို စတင်လာရောက် အခြေချသူများမှာ အိန္ဒိယမှ ယဉ်ကျေးသော သာကီဝင်မျိုးနွယ်စုများဖြစ်၍ ယဉ်ကျေးသော လူမျိုးတို့၏ ကျနသေသပ်စွာ ဝတ်ဆင်တတ်သော ဝတ်စားဆင်ယင်မှုဓလေ့ စတင်ပေါ်ပေါက်နေခဲ့ပြီ ဖြစ်သောကြောင့် ဖြစ်ပါသည် ။

ရှေးမြန်မာတို့၏ ဝတ်စားဆင်ယင်မှုတွင် ဦးခေါင်းထက်၌ ဆင်ယင်သောအထည် (ခေါင်းပေါင်း ၊ ဖောင်း၊ ပဝါ၊ ဦးရစ်၊ ဦးထုပ် စသည်)၊ ပုခုံးထက်၌ ဆင်သောအထည် (ဘုံပတီး ၊ ပဝါ၊ တဘက်၊ စုလျား ၊ ဆာ ပါလွှား ၊ ခြုံလွှာ စသည်) ကိုယ်ပေါ်၌ ဝတ်ဆင်သောအထည် (ဒုရင်၊ တုရင်၊ ဖျင်အင်္ကျီ၊ ရင်ဝတ်၊ ရင်သိမ်း၊ ထဲနီး၊ သင်တိုင်း၊ ဝတ်လုံ၊ ကိုယ်ဝတ်၊ ထိုင်မသိမ်း စသည်)၊ ခါး၌ဝတ်ဆင်သောအထည် (ပုဆိုး၊ ထဘီ၊ ခါးချပ်၊ ဝတ်လဲ စသည်) ခွဲခြားဝတ်တတ်ကြသည့် စည်းကမ်းကြီး၍ အထက်တန်းကျနသော ဓလေ့သည် ကနဦးကပင် ထွန်းကားနေခဲ့ပြီးသာမက အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်ဆံမှု တိုးပွားလာ၍ ဝတ်စားဆင်ယင်မှုဓလေ့ကို ဖလှယ်ခဲ့ကြသည်တိုင်အောင် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုကို တစ်ခေတ်ပြီးတစ်ခေတ် တီထွင်ပျိုးထောင်၍ တိုးတက်လာအောင် ကြံဆောင်လုပ်ကိုင်ခဲ့ကြပါသည်။ တကောင်းခေတ်မှ ပုဂံခေတ်အထိ ဝတ်စားဆင်ယင်မှု၊ ညောင်ရမ်းခေတ် ဝတ်စားဆင်ယင်မှု၊ ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်မှု စသည်ဖြင့် ဝတ်စားဆင်ယင်မှုတွင် တစ်ခေတ်ထက်တစ်ခေတ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

တရုတ်နိုင်ငံ (တန်မင်းဆက်ရာဇဝင်သစ်) တွင် အေဒီ ၈ ရာစုအလွန် ကာလရှိ ပျူနိုင်ငံသား တို့၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ဤသို့မှတ်တမ်းတင်ထားကြောင်း ပါမောက္ခ ဒေါက်တာ ဂျီအိပ်ချ်လူ၏ (ရှေးဟောင်းပျူ) စာတမ်းဖော်ပြရာတွင် (အိမ်ထောင်သည်မိန်းမတို့သည် အပြာရောင် ထဘီများကို ဝတ်ကြသည်၊ ပဝါပါးကို ခြုံလွှမ်းကြသည်) ဟူ၍လည်းကောင်း၊ ပုဂံခေတ်ဦး ဝတ်ဆင် သည့် အဝတ်အထည်အကြောင်းကို ဂျီဟာဗေး၏ မြန်မာနိုင်ငံသမိုင်းတွင် ရေးသားရာ၌ မြန်မာ ဘုရင်တို့၏ တိုင်းပြည် (ပုဂံခေတ်) တွင် တွေ့ရသော အဝတ်အထည်မျိုးကို အခြားအရပ်ဒေသများ တွင် မတွေ့ရချေ။ ထိုအထည်သည် အလွန်ပါးလုပ်ချောမွတ်သောကြောင့် ယင်းဖြင့် ချုပ်လုပ်ထား သော အင်္ကျီကို လက်စွပ်ကွင်းထဲသို့ပင် ထည့်သွင်းနိုင်လေသည်။ ထိုအထည်ကို ဝါဂွမ်းဖြင့် ရက်လုပ် ထား၍ ကျွန်ုပ်ကိုယ်တိုင် ထိုအထည်မျိုးကို တွေ့ရဘူးလေသည်ဟု ရေးသားထားပါသည်။

ခရစ်နှစ် ၁၅၈၁၊ ပဲခူးရောက် အီတာလျံ ခရီးသည် ဆီဇာဖရက်ဒရစ်၏ ခရီးသွားမှတ်တမ်းအရ ညောင်ရမ်းခေတ် ဝတ်စားဆင်ယင်မှုတွင် ဆင်းရဲချမ်းသာမရွေး ပုဆိုး၊ အင်္ကျီ၊ ထဘီ၊ တဘက်တို့ကို ဝတ်ဆင်ကြသည့်အပြင် မူးမျိုးမတ်နွယ်တို့ကမူ ကတ္တီပါ၊ ခါသာ၊ ဇာပလင်၊ တရုတ်ပုဆိုး၊ ပိုး၊ ပတ္တူ ပုဆိုး၊ ခပ်ဖဲ၊ မှိုင်းလုံး စသော အဖိုးတန်အဝတ်အထည်တို့တွင် ရွှေချည်ထိုး ငွေချည်ထိုးလျက် ဝတ် ဆင်ကြကြောင်း ဖော်ပြထားရာ ညောင်ရမ်းခေတ်ဝတ်စားဆင်ယင်မှုမှာ ပို၍မြန်မာဆန်လာပြီး လုံလုံ ခြုံခြုံ ရှိလှသည်ဟု မှတ်ယူရပါသည်။ ချည်ပိုး စသည်တို့နှင့် ရက်လုပ်သော အတောင် ၂၀ ပုဆိုးရှည်၊ ရင်ကွဲပိတ်အင်္ကျီ စသည်တို့ ဝတ်ဆင်လာသည့် ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်မှုသည် အီတလီ ဘုန်းတော်ကြီးဆန်ဂျာမာနို၏ မြန်မာ့အင်ပါယာဟူသော မှတ်တမ်းအရ ပိုမိုတိုးတက်လာခဲ့သည်ဟု ဆိုရပါမည်။

ရိုးရာဓလေ့ အဝတ်အထည်ရက်လုပ်မှုနှင့်ပတ်သက်၍မူ ရှေးပုဂံခေတ်ကပင် အတော်အတန် ရှိနေပြီဖြစ်ကြောင်း မှန်းဆရပါသည်။ ပုဂံခေတ်အစော ကျမ်းကျောက်စာ၌ “ရန်သည်၊ ခြာသည်၊ ပုချည်သည်” စသော အသုံးအနှုန်းများအရ ရန်သည်မှာ ရက်ကန်းသည်၊ ခြာသည်မှာ ချည်ချာသည် စသည်ဖြင့် ယူဆရပါမည်။ တဖန် တောင်ပြုံးကြီးမြို့တွင် တွေ့ရသောသက္ကရာဇ် ၄၇၂ ခုနှစ် ထိုး လှည်းထောက် ဘုရားကျောက်စာတွင် “ဗိုင်းတလှည်းကို ဖုတ်၍ အကျွမ်းမရသကဲ့သို့ ဖြစ်စေသော” စသည့် အသုံးအနှုန်းများကို ထောက်ရှု၍လည်း ပုဂံခေတ်ဦး၌ ရိုးရာဓလေ့ဗိုင်းတောင့်ခြင်း၊ ချည်ငင် ခြင်း စသောလုပ်ငန်းများ၊ ရက်ကန်းရက်ခြင်းလုပ်ငန်းများ ပေါ်ပေါက်လျက်ရှိပြီးဖြစ်ကြောင်း သိရ ပါသည်။

ခရစ်သက္ကရာဇ် ၁၈၅၂ ခု၊ ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် အင်္ဂလိပ်တို့၏ ဒုတိယ အကြိမ် ကျူးကျော်စစ် ရှုံး၍ မြန်မာနိုင်ငံအောက်ပိုင်းကို လက်လွှတ်ခဲ့ရပြီး နောက်ပိုင်းတွင် လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်သည့်စက်ရုံအပါအဝင် စက်ရုံများ တည်ဆောက်ရန် ကြိုးပမ်း ခဲ့ရာတွင် မင်းတုန်းမင်းလက်ထက်၌ စက်ရုံ (၅၀) ကျော် တည်ထောင်ခဲ့သည်ဟု ဆိုသော်လည်း ခိုင်လုံသော အထောက်အထားများအရ စက်ရုံ (၉) ရုံသာ တွေ့ရှိကြောင်းသိရပြီး ယင်းစက်ရုံ (၉) ရုံ တွင် ရက်ကန်း စက်ရုံတစ်ရုံ ပါဝင်ခဲ့ပါသည် ။

ထိုရက်ကန်းစက်ရုံသည် ရတနာပုံမြို့ မြောက်ပြင်အမရစံခေါင်ရပ် ရွှေတစ်ချောင်း အရှေ့ဖက်ကမ်း၌ အမြောက်သေနတ်စက်ရုံနှင့် ကပ်လျက်တည်ရှိခဲ့ပါသည်။ ၁၈၇၂ ခု နှစ်ဦးတွင် စက်ရုံကို တပ်ဆင်ပြီးစီး၍ ဂျုံ နှင့် ကာခမ်းဆိုသူ နိုင်ငံခြားသား နှစ်ဦးတို့က ကြီးကြပ်တပ်ဆင်ခဲ့ကြပါသည်။ ကဲသားရင်တန်ကုမ္ပဏီလုပ် စက်ရက်ကန်းစင် (၈၀) နှင့် ဝါကြိတ်၊ တည်းလုံး၊ ချား၊ ချည်ငင် စသည့် ချည်မျှင်ထုတ်လုပ်ခြင်းနှင့် အထည်ရက်လုပ်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော စက်ပစ္စည်းများ ပြည့်စုံစွာ ပါရှိခဲ့၏။ ထိုရက်ကန်းစက်ရုံမှ “လှသိင်္ဂီ” ခေါ် ပိတ်တစ်မျိုးကို တစ်ရက်လျှင် ပိတ်အုပ်ပေါင်း ၃၀- ၃၂ အုပ် ခန့် ထွက်ရှိပြီး ချည်ချော၊ အထည်ချောများကိုပင် ထုတ်လုပ်နိုင်ခဲ့သည်ဟု ဆိုကြပါသည်။ ၁၈၈၅ ခုနှစ်၊ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ချိန်၌မူ ထိုရက်ကန်းစက်ရုံ အပါအဝင် စက်ရုံတို့သည် လုံးဝဖျက်ဆီးခြင်း ခံခဲ့ရပါသည် ။

## ကိုလိုနီခေတ် အထည်အလိပ်လုပ်ငန်း အခြေအနေ

ကိုလိုနီခေတ်ဦးပိုင်းတွင် ရက်ကန်းစက်ရုံအပါအဝင် နိုင်ငံပိုင်စက်ရုံများ ဖျက်ဆီးခြင်းခံခဲ့ရသော်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် အိမ်တွင်းလက်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် လက်ရက်ကန်းစင်များ မြန်မာအိမ်တိုင်းလိုလို၌ ဆက်လက်၍ ရှိနေခဲ့ကြပါသည်။ ထိုသို့ မြန်မာတိုင်းရင်းသားများ အိမ်တွင်းလက်ရက်ကန်းများဖြင့် အထည်များ ရက်လုပ်သည်ကို အခွင့်ကောင်းယူ၍ နိုင်ငံခြားသားများသည် ချည်ခင်နှင့် အထည်များကို ပြည်ပမှ တစ်နှစ်ထက်တစ်နှစ် တိုးတက်တင်သွင်း ရောင်းချလာခဲ့သဖြင့် မြန်မာတိုင်းရင်းသားများ၏ ဝါဖန်၊ ဗိုင်းငင်နှင့် လက်ရက်ကန်းလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာခဲ့ပါသည်။

၁၉၄၀ ခုနှစ်က အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယနှင့် ဂျာမနီနိုင်ငံများမှ ချည်ခင်နှင့် ခတ်ဆေးဆိုးဆေးများကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ နိုင်ငံခြားမှ ချည်ခင်ပေါင်းစုံ အလေးချိန်ပေါင် (၂၂)သန်းကျော် တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားမှ အထည်နှင့် ချည်ခင်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်သွင်းခြင်းကြောင့် မြန်မာတိုင်းရင်းသားတို့၏ အိမ်တွင်းလက်ရက်ကန်းလုပ်ငန်းမှာ ကွယ်ပျောက်လုနီးနီး ရှိခဲ့ပါသည်။ ဤသို့ မြန်မာတိုင်းရင်းသားတို့၏ ရက်ကန်းလုပ်ငန်းများသည် မြို့ပြများတွင်သာမက ကျေးလက်ဒေသထိ ပျောက်ကွယ်လုနီးနီး ရှိရခြင်းမှာ ထိုအချိန်က အင်္ဂလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံကြီးများတွင် စက်ရက်ကန်းများ၊ ချည်ငင်စက်ကြီးများ ထွန်းကားပေါ်ပေါက် လုပ်ကိုင်နေပြီဖြစ်သဖြင့် ချည်ခင်နှင့် အထည်များကို ဈေးနှုန်းချိုသာစွာနှင့် တင်သွင်းရောင်းချနိုင်ခြင်းကြောင့် တစ်ကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ လက်ရက်ကန်းဖြင့် ရက်လုပ်သည့် မြန်မာ့အထည်များထက် စက်ရက်ထည်များမှာ ပိုမိုချောမောလှပခြင်းကြောင့် တစ်ကြောင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ကိုလိုနီခေတ်လယ်နှင့် ခေတ်နှောင်းများတွင် အိန္ဒိယနိုင်ငံမှ ပလေကပ်လုံချည်၊ နာဂူလုံချည်၊ ဆီစိမ်လုံချည်၊ လိပ်ပြာတံဆိပ် ချည်ကြမ်းလုံချည်များနှင့် အင်္ဂလန်နိုင်ငံမှ ပဒုမ္မာပိတ်ညို၊ ရှန်သား စသည့် ပိတ်ပါးများသည် မြန်မာ့ဈေးကွက်တွင် လွှမ်းမိုးလာခဲ့ပါသည်။

ထိုသို့ မြန်မာတိုင်းရင်းသား လက်ရက်ကန်းလုပ်ငန်းများ ပျောက်ကွယ်လုရှိနေသော ကိုလိုနီခေတ်လယ်လောက်တွင် နိုင်ငံခြားသား အိုင်စီအက်စ် တစ်ဦးဖြစ်သူ MR. Bugkle က လွန်းပျံရက်ကန်းပညာကျွမ်းကျင်သူ MR. Vanton ဆိုသူအား မြန်မာနိုင်ငံသို့ ခေါ်ယူခဲ့ကာ လွန်းပျံရက်ကန်းအတတ်ပညာကို မြန်မာတိုင်းရင်းသား ရက်ကန်းသည်များအား သင်ကြားစေခဲ့သော်လည်း အောင်မြင်ခြင်း မရှိခဲ့ပါ။

၁၉၁၀ ခုနှစ်တွင်မူ ဗြိတိသျှကော်မရှင်နာမင်းကြီး မစ္စတာဆောင်းဒါးသည် အမရပူရမြို့နယ်တွင် ဗြိတိန်နိုင်ငံမှ ယူဆောင်လာခဲ့သည့် လွန်းပျံလက်ခတ်ကို မြန်မာရက်ကန်းစင်တွင် တပ်ဆင်၍ စမ်းသပ်ရက်လုပ်ပြသခဲ့ရာ များစွာအောင်မြင်ခဲ့သဖြင့် ၁၉၁၄ ခုနှစ်၌ မစ္စတာဆောင်းဒါးသည် အမရပူရမြို့ ရေတွင်းညီနောင်ရပ်တွင် လွန်းပျံလက်ရက်ကန်းပညာ သင်ကြားပေးသည့် ဆောင်းဒါးရက်ကန်းကျောင်းကို မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။

အမရပူရမြို့ ဆောင်းဒါးရက်ကန်းကျောင်းမှစ၍ မြန်မာနိုင်ငံတွင် လွန်းပျံရက်ကန်းလုပ်ငန်းများ ပြန့်နှံ့လာခဲ့ပါသည်။ အထူးသဖြင့် အမရပူရမြို့၊ ရွှေတောင်မြို့၊ အင်းလေး၊ ထားဝယ် စသောဒေသများတွင် ပိုးထည်များ တွင်ကျယ်စွာ ရက်လုပ်ကြ၍ ဟံဇာ၊ ဝမ်းတွင်း၊ သဲတော၊ မုဒုံ၊ ဟံသာဝတီ၊ သာယာဝတီ စသောဒေသများတွင် မာစရိုက်ချည်ချောလုံချည်၊ ပင်နီဖျင်များ အများအပြား ရက်လုပ်ခဲ့ကြပါသည်။

ထိုသို့ ဆောင်းဒါးရက်ကန်းကျောင်းမှစ၍ ရိုးရာအိမ်တွင်း လက်ရက်ကန်းလုပ်ငန်းသည် လွန်းပျံရက်ကန်းလုပ်ငန်းသို့ တဆင့်တိုးတက်ကူးပြောင်းကာ ရက်ကန်းနည်းပညာသစ်များ ပြန့်ပွားလာသကဲ့သို့ ဒွန်တွဲလျက်ရှိသော ချည်နှင့်အထည် ရိုးရာဆေးဆိုးလုပ်ငန်း၊ မာစရိုက်ချည်လုပ်ငန်းများလည်း တိုးတက်ကျယ်ပြန့်လာခဲ့ပါသည်။ ဤသည်မှာ မြန်မာ့အိမ်တွင်းလက်ရက်ကန်းလုပ်ငန်းများ တိမ်ကောပပျောက်လု နီးချိန်မှ ပြန်လည်၍ ထူထောင်လာခြင်းပင် ဖြစ်ပါသည်။

ထိုအချိန်၌ အင်းစိန်အကျဉ်းဦးစီးဌာနအတွင်းတွင် အကျဉ်းသားများ ဝတ်ဆင်ရန်အတွက် အထည်ရက်လုပ်သော လက်ရက်ကန်းအချို့နှင့် မြင်းခြံဒေသတွင် စတီးဘရားသားကုမ္ပဏီမှ တည်ထောင်လုပ်ကိုင်ခဲ့သည့် ဂျစ်ကားတံဆိပ်ဖြင့် ဝါဂွမ်းချည်ထုပ်များ ထုတ်လုပ်သောအလုပ်ရုံစက်ရုံအချို့မှအပ နိုင်ငံပိုင်တိုင်းရင်းသားစက်ရက်ကန်းလုပ်ငန်းဟူ၍ နိုင်ငံအတွင်း၌ လုံးဝမရှိဘဲ ဖြစ်ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ထိုအချိန်က ဒိစတြိတ်မြို့ကြီးတိုင်းတွင် အမြောက်အများ ဆက်လက်တည်ရှိ နေခဲ့ကြသော ရိုးရာလက်ရက်ကန်းလုပ်ငန်းရှင်များသည် အစိုးရထံမှ နိုင်ငံခြားချည်၊ ဓာတ်ဆေးဆိုးဆေးတို့ကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲခဲ့ကြရသည့်အပြင် ထွက်ရှိသော တိုင်းရင်းဖြစ်အထည်အလိပ်များကို Government Marketing Depot အရောင်းဆိုင်သို့သာ တင်သွင်းရောင်းချခဲ့ကြရပါသည်။ တစ်ချိန်တည်းမှာပင် ကိုလိုနီအစိုးရမှ ပြည်ပအထည်အလိပ်များကို တိုးမြှင့်တင်သွင်း၍ ယှဉ်ပြိုင်ရောင်းချလျက်ရှိခဲ့ပြန်ရာ တိုင်းရင်းသားရက်ကန်းလုပ်ငန်းနှင့် တိုင်းရင်းဖြစ် အထည်အလိပ်လုပ်ငန်း အခြေအနေသည် အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ရက်ကန်းအသင်းကြီးကဲ့သို့ တိုင်းရင်းသားအဖွဲ့အစည်းများ တည်ထောင်၍ တိုင်းရင်းသားရက်ကန်းလုပ်ငန်းရှင်များအား ကူညီဆောင်ရွက်ပေးခြင်း၊ ရက်ကန်းပညာ ပိုမိုပြန့်ပွားရေးအတွက် အလုံလက်မှုပညာသင်ကျောင်း၊ မြစ်ကြီးနားခရိုင် ဗန်းမော်ရက်ကန်းကျောင်းများကဲ့သို့ ကျောင်းများဖွင့်လှစ်၍ ရက်ကန်းပညာသင်ကြားပေးခြင်း၊ အိုင်စီအိုင်ကုမ္ပဏီမှ လာရောက်၍ ဆေးဆိုးနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း စသည့်နည်းလမ်းများဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသော်လည်း ကိုလိုနီခေတ် တိုင်းရင်းသားရက်ကန်းလုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်း အခြေအနေတို့မှာ ထူးခြားစွာ မတိုးတက်ခဲ့ပါ။

မြန်မာ့ရက်ကန်းလုပ်ငန်း၏ ဒုတိယမှတ်တိုင်မှာ မြန်မာတို့ စတင်တီထွင်သည်ဟု ဆိုအပ်သော ဖဲနှပ်ချိတ်ရက်လုပ်မှုပင် ဖြစ်ပါသည်။ အင်းဝခေတ်နှင့် ညောင်ရမ်းခေတ်တို့မှ စတင်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်ဟု ခန့်မှန်းရသော လွန်းရာကျချိတ်ကို လက်ကောက်ချိတ်အဖြစ်မှ ဖဲနှပ်ချိတ်အဖြစ်သို့ အတုယူရက်လုပ်ခြင်း ဖြစ်ပါသည်။ လွန်းရာကျချိတ်လုံချည်ပုဆိုးများမှာ မြန်မာလက်ရာမြောက် ကောင်းမွန်သည်မှာ မှန်ကန်သော်လည်း တစ်နေ့လျှင် တစ်လက်မ မှ နှစ်လက်မလောက်မျှသာ ပြီးအောင် ရက်လုပ်နိုင်ခြင်း၊ တန်ဖိုးများလှခြင်း၊ အလေးချိန်များလွန်း၍ ဝတ်ဆင်ရာတွင် မကောင်းခြင်း၊ နေရာဒေသကာလတိုင်းတွင် ဝတ်ဆင်ရန် မသင့်လျော်ခြင်း စသော အကြောင်းများကြောင့် ထုတ်လုပ်ရာ၌လည်းကောင်း၊ ရောင်းဝယ်ရာ၌လည်းကောင်း၊ များစွာအခက်အခဲ ရှိပါသည်။ မင်းစိုးရာဇာများအတွက် လောက်မျှသာလျှင် ကောင်းမွန်၍ ပြည်သူတစ်ရပ်လုံးအတွက် မသင့်လျော်ချေ။ ထို့ကြောင့် အမရပူရမြို့ လေးစုရပ်မှ ဦးပြားလေး ဆိုသူက အဆိုပါလက်နှင့် ခက်ခဲစွာကောက်ရသော လွန်းရာကျချိတ်ကို တုလျက် ဖဲနှပ်ချိတ်ကို တီထွင်ရာတွင် များစွာအကျိုးရှိခဲ့ပါသည်။ ယင်းဖဲနှပ်ချိတ် ပေါ်ပေါက်လာသောအချိန်မှာ ခရစ်နှစ် ၁၉၃၀ ခန့်တွင် ဖြစ်ကြောင်း အဆိုရှိပါသည်။ ဖဲနှပ်ချိတ်မှာ တစ်နေ့လျှင် တစ်ကိုက်မျှ ပြီးအောင်ရက်လုပ်နိုင်၍ ပြည်သူများ လုံလောက်စွာ သုံးစွဲနိုင်ရန် ထွက်ရှိပါသည်။ ဖဲနှပ်ချိတ်ကို ယခုအခါ၌ ပိုးရောချည်ပါ ရက်လုပ်ကြပြီး အလှူပွဲများနှင့် မင်္ဂလာပွဲအခမ်းအနားများ၌ ဝတ်ဆင်လျက်ရှိပါသည်။

ကိုလိုနီခေတ်လယ်တွင် နိုင်ငံခြားမှ တင်သွင်းသော ပိတ်ချော ပိတ်ပါး၊ ပွင့်ရိုက်ထည်၊ ပိုးတု စသည့် အထည်များကို တိုင်းရင်းဖြစ်ရက်ထည်များက မတိုးနိုင်အောင် ရှိခဲ့ပါသည်။ သို့ရာတွင် လွန်းပျံရက်ကန်းစင်နှင့် ဖဲနှပ်ချိတ်များ ပေါ်ပေါက်လာပြီးသည့်နောက်တွင်မူ အောက်ဖော်ပြပါ မြန်မာ့ရက်ထည်အဆင်များမှာ အထူးနာမည်ရပြီး ကျော်ကြားကာ လူသုံးများလာခဲ့ပြန်ပါသည်-

**"ရွှေပြည်ကြီး၊ မြကြိုးနွယ်၊ သီတဂူ၊ လောကစါတ်၊ နှစ်ကိုယ်တွေ့၊ ဆောင်တော်ကူး၊ ဝိုင်အိုလက်၊ ဒေဝီနား၊ ရာသက်လုံး၊ အလင်းရောင်၊ ပတ္တမြား ရွက်ဆက်၊ ဩဘာ၊ ဒင်္ဂါးဝိုင်း၊ ဖူးဘုရင်၊ ဖြတ်ဆက်၊ ဘန်ကောက်ညွန့်၊ မြောက်ပြင်၊ ဆိတ်ခွန်"**

ထိုခေတ်က ရက်ကန်းနှပ်လွှာများဖြင့်လည်းကောင်း၊ ဖဲနှပ်ဖြင့်လည်းကောင်း ရက်လုပ်သော မြန်မာ့အထည်များ၏ အဆင်များမှာ အတော်ပင်များပြားခဲ့သော်လည်း အထက်ဖော်ပြပါ နာမည်ရအထည်အဆင်များကိုသာလျှင် ထုတ်နှုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

ကိုလိုနီခေတ်တစ်လျှောက် မြန်မာ့ရက်ကန်းနှင့်ပတ်သက်၍ မှတ်သားရန် အချက်တစ်ချက်မှာ အမျိုးသားရေး တက်ကြွနိုးကြားသော ဝံသာနုခေတ်နှင့် နေရှင်နယ်ခေါ် အမျိုးသားကျောင်းများ ပေါ်ပေါက်ချိန်ဖြစ်ရာ ထိုအချိန်က တိုင်းရင်းဖြစ် အဝတ်အထည်များကိုသာလျှင် ဝတ်ဆင်ရေး၊ အင်္ကျီပါး တိုက်ပွဲ၊ နိုင်ငံခြားအထည် သပိတ်မှောက်ရေးများ စသဖြင့် လှုံ့ဆော်ခဲ့ကြပြီး ယောလုံချည်နှင့် ပင်နီအင်္ကျီ ဝတ်ဆင်ခြင်း၊ အမျိုးသားကျောင်းများကလည်း ပင်နီအင်္ကျီနှင့် ပြည်တွင်းဖြစ် လုံချည်ဝတ်ဆင်ခြင်းများ စတင်လုပ်ဆောင်ခဲ့သည်နှင့်အမျှ တိမ်မြုပ်နေခဲ့သော မြန်မာရက်ကန်းလုပ်ငန်းမှာ တစ်ဖန်သိသာစွာ ပြန်လည်ပေါ်ပေါက်လာပြန်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် အမရပူရမြို့၊ ရွှေတောင်မြို့၊ အင်းလေး၊ ထားဝယ်စသော ဒေသများတွင် ပိုးထည်များ တွင်တွင်ကျယ်ကျယ် ရက်လုပ်ကြ၍ ဟံဇာ၊ ဝမ်းတွင်း၊ သဲတော၊ မုဒုံ၊ ဟံသာဝတီ၊ သာယာဝတီ စသော ဒေသများတွင် မာစရိုက်ချည်ချောလုံချည်များ၊ ပင်နီဖျင်များ အများအပြား ရက်လုပ်ကြပါသည်။

ကိုလိုနီခေတ်လယ်နှောင်းကာလတွင် စဥ့်ကူအရပ်ရှိ နိုင်ငံခြားသားပိုင် တယောစွပ်ကျယ်စက်နှင့် မော်လမြိုင်တွင် အထည်စက် တစ်စက်အပြင် မြန်မာပြည်အလယ်ပိုင်း၌ ဝါကြိတ်စက်များ စသည်ဖြင့် ရှိခဲ့ကြသေးသော်လည်း ကုန်ကြမ်းအခက်အခဲ၊ စက်ပစ္စည်းအခက်အခဲများကြောင့် ယင်းလုပ်ငန်းများလည်း မအောင်မြင်ဘဲ ရှိခဲ့ပါသည်။

ကိုလိုနီခေတ် စက်မှုလုပ်ငန်းများကို ခြုံ၍ တင်ပြရလျှင် ဆန်စက်၊ ဆီစက်၊ သစ်စက်၊ သကြားစက်၊ ရေနံချက်စက်၊ သတ္တုသန့်စင်ရေး၊ ဘီယာအရက်ချက်စက်ရုံ စသည်ဖြင့် အဓိက ရှိခဲ့ကြပြီး အချို့မှာ ကိုလိုနီအစိုးရပိုင်ဖြစ်၍ အချို့မှာ နိုင်ငံခြားသားပိုင်များ ဖြစ်ကြရာ ကုန်ပစ္စည်း ထုတ်လုပ်မှုတွင်လည်းကောင်း၊ ပြည်တွင်းပြည်ပကုန်ပစ္စည်း ဈေးကွက်တွင်လည်းကောင်း တိုင်းရင်းသားများမှာ မယှဉ်သာဘဲ ရှိခဲ့ကြရပါသည်။

ထို့ကြောင့် ကိုလိုနီခေတ် တိုင်းရင်းသားစက်မှုလုပ်ငန်းနှင့် တိုင်းရင်းသားအထည်အလိပ်လုပ်ငန်းအခြေအနေတို့သည် တိုးတက်ဖွံ့ဖြိုး၍ မလာဘဲ နိမ့်ကျလျက်ရှိခဲ့ကြသည်ဟု သုံးသပ်ရရှိပါသည်။

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများကို တည်ဆောက်ရန်ဟူ၍ လွတ်လပ်ရေးအကြို ကိုလိုနီခေတ် ကုန်ဆုံးခါနီးတွင် ချမှတ်ခဲ့သော စီမံကိန်းတစ်ရပ်ရှိခဲ့ပြီး ယင်းစီမံကိန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ (ဆိုရှယ်တိုဗီလာ (၂) နှစ် စီမံကိန်း) ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ပြည်လမ်းရှိ ဆိုရန်တိုဗီလာ (ယခုစာပေဗိမာန်) အဆောက်အအုံတွင် စီးပွားရေး (၂) နှစ် စီမံကိန်းကို ရေးဆွဲခဲ့ကြပြီး၊ ယင်းစီမံကိန်းတွင် ပါရှိသည့် စက်မှုလက်မှုမူဝါဒနှင့်ပတ်သက်၍ လမ်းညွှန်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စစ်အတွင်း ယိုယွင်းပျက်စီးခဲ့သော စက်မှုလုပ်ငန်းရပ်များကို ကနဦးပြန်လည်ပြုစုပျိုးထောင်ရန်၊

(ခ) ပြည်တွင်းရှိ သယံဇာတပစ္စည်းများနှင့် ဖြစ်နိုင်သော စက်မှုလုပ်ငန်းများကိုလည်း စီမံကိန်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) စက်မှုလုပ်ငန်းများကိုလည်း အစိုးရစနစ်နှင့် မည်မျှခရီးပေါက်နိုင်သည်ကို စဉ်းစား ဆောင်ရွက်ရန် ၊

(ဃ) အစိုးရအနေဖြင့် မလုပ်ကိုင်နိုင်သည့် လုပ်ငန်းများကိုသာ ကိုယ်ပိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုရန် ၊

(င) မြို့ကြီးများ အနီးအနားတွင်သာ စက်ရုံလုပ်ငန်းများ ပြွတ်သိပ်နေပြီး အခြားအရပ် များမှာ လုပ်ငန်းမရှိ မဖြစ်စေဘဲ နယ်တိုင်းမှာ စက်မှုလုပ်ငန်းများ ထွန်းကားလာ စေရန်။

ဆိုရန်တိုဗီလာ (၂) နှစ် စီမံကိန်းတွင် (၁၉၄၈-၅၀) ခုနှစ်အတွင်း ပြီးစီးနိုင်သလောက် ပြီးစီး အောင် တည်ဆောက်ရန် လုပ်ငန်း (၁၂) မျိုး ပါရှိပြီး၊ အထည်အလိပ်လုပ်ငန်းနှင့် ပတ်သက်၍ ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) တည်ဆောက်ရန် စီမံကိန်း ပါဝင်ခဲ့ပါသည်။ ထို့အပြင် စူးစမ်း လေ့လာရန်လုပ်ငန်း (၁၈) မျိုးလည်း ပါဝင်ခဲ့ပါသည်။

**တယောစွပ်ကျယ်စက်ရုံ**

အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း လက်အောက်ရှိ စက်ရုံများအနက် တယောစွပ်ကျယ် စက်ရုံသည် ကိုလိုနီခေတ်ကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းစက်ရုံတစ်ရုံ ဖြစ်ပါသည်။ ယင်းစက်ရုံကို ၁၉၃၅ ခုနှစ်တွင် အာမတီအီဗရာဟင်နှင့် ညီအကိုများက Ahmad Violin Hosiery works (Burma) Limited - ဟူသော အမည်ဖြင့် အင်းစိန်မြို့နယ်၊ စဥ့်ငူရွာတွင် စွပ်ကျယ်စက်ဝိုင်း (၅၅) လုံး ဖြင့် တည်ထောင်ခဲ့ပါသည်။ တယောစွပ်ကျယ်လုပ်ငန်းကုမ္ပဏီ မတည်ထောင်မီက ယင်း စက်များကို အသုံးပြု၍ ကမာရွတ်၊ ဆင်ရေတွင်းရပ်ကွက်တွင် ထိုလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်ဟု သိရှိရပါသည်။ ထို့အပြင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအထိ ယင်းလုပ်ငန်းကို တိုးချဲ့လာရာ တရုတ် အမျိုးသား (၈) ဦး ထံမှ ရက်ကန်းစင်ဟောင်းအချို့ကို ဝယ်ယူတပ်ဆင်ခဲ့ပြီး စစ်ကြီးပြီးဆုံးခါနီးတွင် ချည်မျှင်ဆွဲစက်ဟောင်းများကို တပ်ဆင်ခဲ့ကြောင်း သိရှိရပါသည်။

၁၉၅၅ ခုနှစ်တွင် ပြည်တော်သစ်ကုမ္ပဏီဟူသော အမည်ဖြင့် ပန်းထိုးချည်လုပ်ငန်းကို တည် ထောင်ခဲ့ပါသည်။ ထို့နောက် ရွှေလမ်းကုမ္ပဏီ ဟူ၍လည်းကောင်း၊ ရွှေပြည်စိုးကုမ္ပဏီ ဟူ၍ လည်းကောင်း၊ ကုမ္ပဏီအမည်ကွဲများဖြင့် လက်ရှိ တယောစွပ်ကျယ်လုပ်ငန်းမှ စွပ်ကျယ်စက်များကို ခွဲကာ ကုမ္ပဏီသစ်များ တည်ထောင်၍ စွပ်ကျယ်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် စိန်ရတနာကုမ္ပဏီအမည်ဖြင့် နိုင်လွန်ပိတ်ထုတ်လုပ်သော ရက်ကန်းစက် များကို လည်းကောင်း၊ ဆင်ပျံစောင်လုပ်ငန်းအမည်ဖြင့် သက္ကလပ်တုစောင်ထုတ်လုပ်သော စက်များ ကိုလည်းကောင်း တိုးချဲ့တပ်ဆင်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်အထိ တယော၊ စိန်ရတနာ၊ ဆင်ပျံ၊ ရွှေလမ်း၊ ရွှေပြည်စိုး၊ ပြည်တော်သစ် အစရှိသည့် အမည်များဖြင့် ကုန်ပစ္စည်းထုတ်လုပ်ပြီး တယော၊ ဆင်ပျံ၊

ကလောင်တံ၊ ရေပုံး စသည့် တံဆိပ်အမျိုးပေါင်းများစွာဖြင့် ပစ္စည်းမျိုးစုံကို ထုတ်လုပ်ရောင်းချခဲ့ပါသည်။ ထို့နောက် စွပ်ကျယ်လုပ်ငန်းအတွက် အဖြူချွတ်ခြင်း၊ လျှော်ခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ဘီွုင်လာရေနွေးကို အမှီပြုကာ ဆေးဆိုးပန်းရိုက်လုပ်ငန်းကို တွဲဘက်တိုးချဲ့ လုပ်ကိုင်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် စက်ရုံမှ ထုတ်လုပ်သော စွပ်ကျယ်၊ စောင်၊ ဆေးဆိုးပန်းရိုက် ပိတ်များကို ထုပ်ပိုးရန်အတွက် လိုအပ်သော ပလတ်စတစ်လုပ်ငန်းကို စတင်တည်ထောင်ခဲ့ပါသည်။

## လွတ်လပ်ရေးရပြီးကာလ အထည်အလိပ်လုပ်ငန်းအခြေအနေ

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဆိုရှယ်တိုဗီလာ(၂)နှစ် စီမံကိန်းအရ သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံကို ၁၉၄၈-၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်နိုင်ခဲ့ပါသည်။ ၁၉၅၁ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်၍ စက်များလည်ပတ်ခဲ့ပြီး ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှ အထည်ပိတ် အထိ ထုတ်လုပ်နိုင်ခဲ့သော ပထမဦးဆုံးသော နိုင်ငံပိုင်စက်ရုံ ဖြစ်ပါသည်။ ပြည်သူပိုင်စက်ရုံများအပြင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကိုလည်း အားပေးကူညီခဲ့၍ ပုဂ္ဂလိကလုပ်ငန်းများ ဖြစ်သည့် နိုင်လွန်စက်ရုံ၊ စွပ်ကျယ်စက်ရုံများ ပေါ်ပေါက်လာခဲ့ပါသည်။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင် အနေဖြင့် အစောဆုံး တည်ဆောက်ခဲ့သော စက်ရုံမှာ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ရွှေဥဒေါင်း အထည်စက် ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာ့အထည်အလိပ်လုပ်ငန်း၌ ပြည်သူပိုင်ကဏ္ဍ အထည်အလိပ်၊ ပုဂ္ဂလိကကဏ္ဍ အထည်အလိပ်၊ သမဝါယမပိုင်ကဏ္ဍ အထည်အလိပ် ထုတ်လုပ်မှုဟူ၍ ကဏ္ဍ (၃)ခု ရှိခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလက်မှုဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဝန်ကြီးဌာနအောက်တွင် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ပါဝင်ပြီး အထည်အလိပ်စက်ရုံများ တည်ထောင်ခြင်း၊ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၈-၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် နိုင်ငံပိုင်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအင်အား ဆထက်ထမ်းပိုး တိုးတက်ကောင်းမွန်စေရန်နှင့် ထွက်ရှိသောပစ္စည်းများသည် နိုင်ငံခြားမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့် အရည်အသွေးအဆင့်မီပြီး စျေးနှုန်းချိုသာစွာဖြင့် စားသုံးသူလူထုအား ဖြန့်ဖြူးရောင်းချပေးရန် မူဝါဒထားရှိခဲ့ပါသည်။ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံကိုလည်း ပိတ်များအား အဖြူချွတ် ဆေးဆိုးအချောကိုင်နိုင်သော စက်ရုံအသစ်အား ထပ်မံတိုးချဲ့ တည်ဆောက်ခဲ့ပါသည်။

ခေတ်ပြောင်းတော်လှန်ရေးကာလ၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အသစ်ထပ်မံ တည်ထောင် ခွင့်မပေးဘဲ ရှိရင်းစွဲ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကို အခါအားလျော်စွာ ပြည်သူပိုင်အဖြစ် သိမ်းသွင်းသွားရမည်ဖြစ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ကူးပြောင်းနေစဉ်ကာလတွင် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစုကို တိုးတက်စေမည့် တိုင်းရင်းသားပိုင် စက်မှုလက်မှုလုပ်ငန်းများကို နည်းလမ်းတကျ ကန့်သတ်ခွင့်ပြုရန် မူဝါဒချမှတ်ခဲ့ပါသည်။ ၂၁.၈.၁၉၆၂ ရက်နေ့တွင် ချည်မျှင်နှင့် အထည်စက်များ(သမိုင်း) အုပ်ချုပ်မှုကော်မတီကို စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ

ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါ အုပ်ချုပ်မှုကော်မတီသည် နောင်တွင် ဆက်လက်၍ ထပ်မံတည်ဆောက်မည့် ချည်စက်များ အားလုံးကို စီမံခန့်ခွဲသွားရန်နှင့် စီမံကိန်းအသစ်များကိုပါ တာဝန်ယူဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါသည်။ ၂၀.၁၂.၁၉၆၂ ရက်နေ့တွင် ယင်းကော်မတီအား **"ချည်မျှင်နှင့် အထည်စက်များ အုပ်ချုပ်မှုကော်မတီ (Textile Mill Management Committee)"** ၊ ၃.၁၀.၁၉၆၄ ရက်နေ့တွင် **"ပြည်တွင်းကုန်ထုတ်လုပ်ငန်း ညှိနှိုင်းရေးကော်မတီ"** ကို ဖွဲ့စည်းပြီး ကော်မတီအောက်တွင် **"အထည်အလိပ်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့"** ကို ဖွဲ့စည်းခဲ့ပါသည်။

၁၉၆၇-၁၉၆၈ ခုနှစ်တွင် "အထည်အလိပ်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့" ဟူသော အမည်မှ **"အထည်အလိပ်လုပ်ငန်းအဖွဲ့"** ဟု အမည်ပြောင်းလဲခဲ့ပြီး ရုံးအဖွဲ့ ကိုလည်း တပ်မတော် တပ်ရင်း တပ်ဖွဲ့မှူးများ၏ ဖွဲ့စည်းပုံကို မှီငြမ်း၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အထည်အလိပ်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့ကာလတွင် နိုင်ငံတော်အရင်းအနှီးဖြင့် ထူထောင်သော စက်ရုံကြီး (၃) ရုံ နှင့် လွှဲပြောင်းရယူခဲ့သည့် စက်ရုံ (၇) ရုံ၊ စုစုပေါင်း စက်ရုံ (၁၀) ရုံ ရှိခဲ့ပါသည်။

၁၆.၁၂.၁၉၆၈ ရက်နေ့တွင် အထည်အလိပ်စက်ရုံ (၆၀)ရုံအား ပြည်သူပိုင် ပြုလုပ်ခဲ့ပါသည်။ ၁၆.၃.၁၉၇၂ ရက်နေ့တွင် "အထည်အလိပ်လုပ်ငန်းအဖွဲ့" ကို ဖျက်သိမ်း၍ **"အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း"** အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။ ၁.၄.၁၉၇၅ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနအား အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်၌ တည်ရှိခဲ့ပါသည်။ ကော်ပိုရေးရှင်းအဆင့်သို့ တိုးမြှင့်ဖွဲ့စည်းပြီးနောက် အထည်အလိပ်စက်ရုံများ ကုန်ကြမ်းရရှိရန်အတွက် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ၁.၄.၁၉၇၇ ရက်နေ့တွင် ဝါလုပ်ငန်းကိုလည်းကောင်း၊ ၁.၁၂.၁၉၇၇ ရက်နေ့တွင် လျှော်ရွေးလျှော်ထုတ်စက်ရုံ (၁၀) ရုံ၊ ဝယ်ဖြန့်ဌာနခွဲနှင့် အဝယ်ဒိုင် (၁၄၉) ဒိုင် တို့အား လည်းကောင်း လွှဲပြောင်းရယူခဲ့ပါသည်။

အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၇၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အထည်အလိပ်စက်ရုံ (၆) ရုံ နှင့် ဖြည့်စွက်အစားထိုးလုပ်ငန်း (၅) ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းတွင် ၁၉၈၀ ပြည့်နှစ်က ပြန်လည်ဖွဲ့စည်းခဲ့သည့် အထည်အလိပ်စက်ရုံ (၂၄) ရုံ၊ မူလနိုင်ငံပိုင်စက်ရုံ (၄)ရုံ၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းမှ လွှဲပြောင်းယူခဲ့သည့် စက်ရုံ (၁၁) ရုံ နှင့် ၁၉၆၂ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သည့် စက်ရုံ (၈) ရုံ၊ စုစုပေါင်း အထည်အလိပ်စက်ရုံ (၄၈) ရုံ ရှိပါသည်။ ၁၀.၈.၁၉၈၄ ရက်နေ့တွင် ဂုန်လျှော်ပစ္စည်းလုပ်ငန်းစုအား ဂုန်လျှော်လုပ်ငန်းကော်ပိုရေးရှင်း အဖြစ် အဆင့်တိုးမြှင့်၍ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာတွင် အထည်အလိပ်စက်ရုံပေါင်း (၃၂) ရုံ ဖြင့် ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၅-၁၉၈၆ ခုနှစ်တွင် အထည်ချုပ်စက်ရုံအမှတ်(၃) (သန်လျင်) အား အသစ်တည်ဆောက်ပြီးစီးခဲ့၍ အထည်အလိပ်ကော်ပိုရေးရှင်း၌ အထည်အလိပ်စက်ရုံ စုစုပေါင်း (၃၃)ရုံ ရှိလာပါသည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ၁၉၇၆-၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် စံပြစက်ရုံ ရွေးချယ်ရေးစိစစ်မှုအဖွဲ့

ဖွဲ့စည်းပြီး စံပြဆုရစက်ရုံများကို ရွေးချယ်ခဲ့ပါသည်။ ရရှိခဲ့သော စက်ရုံများမှာလည်း အထည်အလိပ်စက်ရုံများပင်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်စရာ သမိုင်းဝင် သာဓကတစ်ရပ် ဖြစ်ခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ်ဝန်းကျင်တွင် နိုင်ငံတော်ပိုင် အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)၊ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)၊ အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး)၊ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)၊ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)၊ အမှတ်(၉)အထည်စက်ရုံ(ကျောက်ဆည်)၊ အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)၊ အမှတ်(၁၁)အထည်စက်ရုံ(ပခုက္ကူ)နှင့် အထည်စက်ရုံခွဲ(မြင်းခြံ) တို့ကို အသီးသီး တည်ထောင်ကာ ချည်မျှင်နှင့်အထည်များလည်ပတ်ထုတ်လုပ် ဆောင်ရွက်ခဲ့ပါသည်။

## မျက်မှောက်ခေတ် အထည်အလိပ်လုပ်ငန်း အခြေအနေ

ယခုမျက်မှောက်ခေတ် စက်မှုဝန်ကြီးဌာန၌ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများကို အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအောက်တွင် ထားရှိကာ ဆောင်ရွက်လျက်ရှိပြီး စက်မှုဝန်ကြီးဌာနရှိ နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်စက်ရုံ (၂၁) ရုံ ရှိသည့်အနက် စက်ရုံ (၁၀) ရုံကို ပုဂ္ဂလိကသို့ ငှားရမ်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍတွင် အထည်အလိပ်လုပ်ငန်း၌ ရက်ကန်းစက်ရုံ (၈၀၈) ရုံ၊ ဝါကြိတ်စက်ရုံ (၁၉၃) ရုံ၊ ချည်မျှင်စက်ရုံ (၇) ရုံ၊ စောင်စက်ရုံ (၄) ရုံ၊ ဆေးဂွမ်းစက်ရုံ (၂၀)ရုံ၊ ဆေးဆိုးစက်ရုံ(၂၀) ရုံ၊ ဂွမ်းဖတ်ချည်ဖွ အဝတ်စကြိတ်စက်ရုံ (၇၃)ရုံ၊ အပ်ချည်လုံးစက်ရုံ (၁၉) ရုံ၊ ကွန်ပျူတာပန်းထိုးစက်ရုံ (၂၄၁) ရုံတို့ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး ဝတ်ဆင်ရန်အထည်များထုတ်လုပ်ခြင်းလုပ်ငန်း၌ ပြည်တွင်းအထည်ချုပ်စက်ရုံ (၅၈၉)ရုံ၊ စွပ်ကျယ်/ စွယ်တာထိုးစက်ရုံ (၆) ရုံ နှင့် CMP အထည်ချုပ်စက်ရုံ (၇၅၄)ရုံ တို့ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဝါအခြေခံ စက်မှုသီးနှံများ တိုးချဲ့စိုက်ပျိုး၍ ဝါအခြေခံ စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဝါလုပ်ငန်းအခြေခံ အဝတ်အထည်ထုတ်လုပ်ရေးကဏ္ဍကို ဆွေးနွေးဖော်ပြရန် လိုအပ်ပါသည်။ သို့ပါ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်ကော်ပိုရေးရှင်း၏ ၃၀.၁.၁၉၈၇ ရက်နေ့က ထုတ်ပြန်ခဲ့သည့် အထည်အလိပ်လုပ်ငန်း သမိုင်းစာအုပ်မှ မှီငြမ်း၍ မျက်မှောက်ခေတ် အထည်အလိပ်လုပ်ငန်းရှိ လူငယ်များအတွက် ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။

**(စာရေးသူ - ကိုချင်း)**

***************************